
## ဆန်စပါးဆိုင်ရာအပတ်စဉ် လေ့လာသုံးသပ် တင်ပြချက်( ၃၈/၂၀၂၃ )


## (၁၈.၁၀.၂၀၂၃ မှ ၂၄.၁၀.၂၀၂၃ ထိ )

၁။ **ပြည်တွင်း၊ ပြည်ပ စပါးစိုက်ပျိုးထွက်ရှိမှု အခြေအနေ။** ၂၀၂၂-၂၀၂၃ ခုနှစ်၊ မိုးစပါးစိုက်ပျိုးရန်လျာထားဧက (၁၄.၉၈၇) သန်းအပေါ် ၃၀.၉.၂၀၂၃ ရက်နေ့ထိ ဧက (၁၄.၉၀၅) သန်း (၉၉%) စိုက်ပျိုးနိုင်ခဲ့ပါသည်။ ရိတ်သိမ်းဧက(**၀.၁၂၆**) သန်းအပေါ် ပျမ်းမျှအထွက်နှုန်း(၇၉.၄၉) တင်း ဖြင့် အထွက် တင်း(**၁၀.၀၃၃**)သန်း ထွက်ရှိနေပြီဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ထုတ်ပြန်သည့် USDA ၏ စာရင်းများအရ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့စပါးစိုက်ပျိုးမှု ၁၆၆.၀၀ ဟက်တာသန်း **(ဧက ၄၁၀.၀၂ သန်း)**၊ အထွက် နှုန်းတစ်ဟက်တာ ၄.၆၆ မက်တန် **(၂၂၃.၂၆ တင်း)**၊ စုစုပေါင်းအထွက် မက်တန် ၅၁၈.၀၈ သန်း **(စပါးတင်း ၂၄၈၂၁.၂၁ သန်း)** ဖြစ်ပါသည်။

၂။ **ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းအခြေအနေ။** ဧည့်မထအုပ်စုဝင် (၄၆) ပေါင်ကိုက် စပါးတင်း (၁၀၀)ဈေးနှုန်းနှင့် ဧည့်မထ ၂၅% အလတ်စ (၁၀၈)ပေါင်ဝင် ဆန် (၁) အိတ် ဈေးနှုန်းများဖြစ်ပေါ်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


| စဉ် | တိုင်း/ ပြည်နယ် | မြို့နယ် | စပါးအမျိုး အစား | စပါးတင်း(၁၀၀)/ကျပ် | | ဆန်အမျိုး အစား | ဆန်တစ်အိတ်/ကျပ် | |
|---|---|---|---|---|---|---|---|---|
| | | | | ယခင်ပတ် | ယခုအပတ် | | ယခင်ပတ် | ယခုအပတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| (က) | **ရန်ကုန်တိုင်း** | သန်လျင် | ဧည့်မထ(မိုးသစ်) | ၁၅၀၇၀၀၀ | ၁၅၀၇၀၀၀ | မနောသုခ(မိုးသစ်) | ၆၀၀၀၀ | ၆၀၀၀၀ |
| (ခ) | **ဧရာဝတီတိုင်း** | ပုသိမ် | ဧည့်မထ(မိုး) | ၁၇၆၆၀၀၀ | ၁၇၆၆၀၀၀ | ဧည့်မထ(မိုး) | ၆၉၀၀၀ | ၆၉၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၆၂၈၀၀၀ | ၁၆၂၈၀၀၀ | ဧည့်မထ(နွေသစ်) | ၆၇၀၀၀ | ၆၇၀၀၀ |
| (ဂ) | **ပဲခူးတိုင်း** | ပဲခူး | ဧည့်မထ(မိုး) | ၁၇၀၂၀၀၀ | ၁၇၀၂၀၀၀ | ဧည့်မထ(မိုး) | ၆၈၀၀၀ | ၆၈၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၆၀၀၀၀၀ | ၁၆၀၀၀၀၀ | ဧည့်မထ(နွေသစ်) | ၆၃၀၀၀ | ၆၃၀၀၀ |
| | | ပြည် | ဧည့်မထ(မိုး) | ၁၇၀၀၀၀၀ | ၁၇၀၀၀၀၀ | ဧည့်မထ(မိုး) | ၆၈၀၀၀ | ၆၈၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၅၀၀၀၀၀ | ၁၅၀၀၀၀၀ | ဧည့်မထ(နွေသစ်) | ၆၃၀၀၀ | ၆၃၀၀၀ |
| (ဃ) | **မန္တလေးတိုင်း** | မန္တလေး | ဧည့်မထ(မိုး) | ၂၅၀၀၀၀၀ | ၂၅၀၀၀၀၀ | ဧည့်မထ(မိုး) | ၉၆၀၀၀ | ၉၆၀၀၀ |
| | | ပျဉ်းမနား | ဧည့်မထ(မိုး) | ၂၀၀၀၀၀၀ | ၂၀၀၀၀၀၀ | ဧည့်မထ(မိုး) | ၈၄၀၀၀ | ၈၄၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | | | ဧည့်မထ(နွေသစ်) | ၆၈၀၀၀ | ၆၈၀၀၀ |
| (င) | **စစ်ကိုင်းတိုင်း** | ရွှေဘို | ရေမင်း(မိုး) | | | ရေမင်း(မိုး) | ၁၃၀၀၀၀ | ၁၃၀၀၀၀ |
| | | | ရွှေဝါထွန်း(နွေသစ်) | ၁၈၀၀၀၀၀ | ၁၈၀၀၀၀၀ | ရွှေဝါထွန်း(နွေသစ်) | ၇၀၀၀၀ | ၇၀၀၀၀ |
| (စ) | **ရခိုင်ပြည်နယ်** | စစ်တွေ | ဧည့်မထ(မိုး) | ၁၈၂၀၀၀၀ | ၁၈၂၀၀၀၀ | ရွှေဝါထွန်း(မိုး) | ၇၅၀၀၀ | ၇၅၀၀၀ |
| (ဆ) | **မွန်ပြည်နယ်** | မော်လမြိုင် | ဇီယာ(မိုး) | ၁၈၅၀၀၀၀ | ၁၈၅၀၀၀၀ | ဇီယာ(မိုး) | ၇၃၀၀၀ | ၇၃၀၀၀ |


စပါးတင်း(၁၀၀)ဈေးနှုန်းပြောင်းလဲမှု
၂၇၀၀၀၀၀
၂၂၀၀၀၀၀
၁၇၀၀၀၀၀
၁၂၀၀၀၀၀
၇၀၀၀၀၀
၂၀၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်


ဧည့်မထဆန်(အလတ်စ) တစ်အိတ်ဈေးနှုန်းပြောင်းလဲမှု
၁၄၀၀၀၀
၁၂၀၀၀၀
၁၀၀၀၀၀
၈၀၀၀၀
၆၀၀၀၀
၄၀၀၀၀
၂၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်

၃။ **ပြည်တွင်း/ပြည်ပဆန်စျေးနှုန်းအခြေအနေ။** စပါး၊ ဆန် အဓိကထုတ်လုပ်တင်ပို့သော နိုင်ငံများ၏ ဆန်တစ်တန် FOB စျေးနှုန်းဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | အမျိုးအစား | စျေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၂.၁၀.၂၃ | ၉.၁၀.၂၃ | ၁၆.၁၀.၂၃ | ၂၃.၁၀.၂၃ |
| (က) | ထိုင်း | White Rice ၁၀၀% | ၆၂၁ | ၆၁၁ | ၆၀၉ | ↓ ၅၉၇ |
| | | White Rice ၅% | ၆၀၈ | ၅၉၇ | ၅၉၅ | ↓ ၅၈၃ |
| | | White Rice ၂၅% | ၅၇၆ | ၅၆၆ | ၅၆၆ | ↓ ၅၅၈ |
| | | Parboiled Rice ၁၀၀% | ၆၁၀ | ၆၀၀ | ၆၀၃ | ↓ ၅၉၇ |
| (ခ) | ဗီယက်နမ် | White Rice ၅% | ၆၁၇ | ၆၁၇ | ၆၂၂ | ↑ ၆၃၇ |
| | | White Rice ၂၅% | ၆၀၂ | ၆၀၂ | ၆၀၇ | ↑ ၆၂၂ |
| (ဂ) | ပါကစ္စတန် | White Rice ၅% | ၆၀၂ | ၅၉၂ | ၅၅၂ | ↑ ၅၇၇ |
| | | White Rice ၂၅% | ၅၄၂ | ၅၂၂ | ၄၇၂ | ↑ ၄၉၇ |
| (ဃ) | အိန္ဒိယ | White Rice ၂၅% | - | - | - | - |
| (င) | မြန်မာ | White Rice ၅% | ၅၈၀-၅၉၀ | ၅၇၅-၅၈၅ | ၅၇၀-၅၈၀ | ▬ ၅၇၀-၅၈၀ |
| | | White Rice ၁၀% | ၅၇၀-၅၈၀ | ၅၆၅-၅၇၅ | ၅၆၀-၅၇၀ | ▬ ၅၆၀-၅၇၀ |
| | | White Rice ၁၅% | ၅၆၅-၅၇၀ | ၅၆၀-၅၆၅ | ၅၅၅-၅၆၀ | ▬ ၅၅၅-၅၆၀ |
| | | White Rice ၂၅% | ၅၅၅-၅၆၀ | ၅၅၀-၅၅၅ | ၅၅၀-၅၅၅ | ▬ ၅၅၀-၅၅၅ |



၄။ **ဆန်လက်ကျန်အခြေအနေ။** ၂၃.၁၀.၂၀၂၃ နေ့ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ပြချက်စာရင်းအရ ခန့်မှန်းလက်ကျန်ဆန်တန်မှာ (၂.၅၀၅) သန်းဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန်(၁၆၇.၅၉၅) သန်းဖြစ်ပါသည်။

၅။ **ပြည်ပဆန်တင်ပို့နိုင်မှုနှင့်ပြည်ပဈေးကွက်။** ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ၁.၄.၂၀၂၃ မှ ၁၃.၁၀.၂၀၂၃ နေ့ထိ ဆန်တန်ချိန် (၂၇၀၂၂၆)၊ တန်ဘိုး (၁၃၈.၂၄၇) USD သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ `ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်တန်ချိန် (၅၇၀၅၈၃)၊ တန်ဘိုး (၂၁၁.၄၁၁) USD သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဆန်တန်ချိန်(၃၀၀၃၅၆)၊ တန်ဘိုး (၇၃.၁၆၄) USD သန်း လျော့ နည်းတင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဧည့်မထ ၂၅% ဆန် တစ်တန်ပေါက်ဈေးမှာ FOB ၅၅၅ USD ဖြစ်သော်လည်း Earning ဈေး ၂၅၁၉ကျပ်ဖြင့် တွက်ချက်ပါက FOB အရင်းဈေး နှုန်းမှာ ၅၅၉ USD ဖြစ်နေသဖြင့် ဧည့်မထ ၂၅ % မှာ တွက်ချက်မှုအရ တွက်ခြေကိုက်မှုမရှိကြောင်းသိရှိရပါသည်။

၆။ **ခြုံငုံသုံးသပ်ချက်။** ထိုင်းနိုင်ငံတွင် ဘတ်ငွေတန်ဖိုးကျဆင်းလာသော်လည်း ထိုင်းဆန် ဝယ်လက်နိုင်ငံများ ဝယ်အားနည်းပြီး အရောင်းအဝယ်အေးနေ၍ ပို့ကုန်ဆန်ဈေးနှုန်းများ ဈေးနှုန်းကျဆင်းခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ ဆန်တိုးမြှင့်တင်ပို့ရန်ကြိုးစားနေသဖြင့် ဆန်ဈေးနှုန်းများမြင့်မားနေပြီး ပို့ကုန်ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ပါသည်။ ပြည်တွင်းစပါး၊ ဆန်ဈေးကွက်၌ ယခုအပတ် အရောင်းအဝယ်ပုံမှန်ရှိနေသဖြင့် စပါး၊ ဆန်ဈေးနှုန်းများတည်ငြိမ်နေကြောင်း သိရှိရပါသည်။